**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁/ ၂၀၂၂)**

**၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါ ကျူးလွန်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင်ကျူးလွန်မှု၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအပေါ် ပြည်ပတွင်ကျူးလွန်မှု၊

(င) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေပြီး လူကုန်ကူးမှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါ ထိုသူက ကျူးလွန်ခဲ့မှု။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ထိုသူကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်-

Myanmar Law Information System (MLIS)

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊

(၆) ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊

(၇) ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

**ခြွင်းချက်။** ပုဒ်မခွဲ (ခ) ပါ နည်းလမ်းတစ်ရပ်ရပ်နှင့် အကျုံးဝင် သက်ဆိုင်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးသူငယ်အား ခေါင်းပုံဖြတ်မှုတစ်ခုခုပြုလုပ်ရာတွင် သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်ပါက လူကုန်ကူးမှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(ဂ) **ခေါင်းပုံဖြတ်မှု** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မတောင်းရမ်း ခိုင်းစေခြင်း၊ ကိုယ်ဝန်အငှားဆောင်စေခြင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာရရှိရန်အလို့ငှာ လိမ်လည် လှည့်ဖြား၍ ကလေးသူငယ်များအား မွေးစားခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူ ဖယ်ရှားခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်းတို့အပြင် ယင်းသို့ပြုရာမှရရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၁)။ ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း ဆိုသည်မှာ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာအတွက်ဖြစ်စေ၊ အခြား အဖိုးစားနားတစ်ခုခုအတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ် တစ်ဦးဦးကို ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂကိစ္စပြုလုပ်စေရန် အလို့ငှာ တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ကာမဆက်ဆံခြင်း သို့မဟုတ် အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

Myanmar Law Information System (MLIS)

ရှင်းလင်းချက် (၂) ။ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း ဆိုသည်မှာ ကာမရာဂစိတ် နိုးကြွစေရန်အလို့ငှာ ဖိမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး ၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုင်တွယ်ခြင်း၊ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ်ပြသခြင်းကို သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ညစ်ညမ်းသည့်ပုံပြသခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုသော်လည်းကောင်း ဆိုသည်။

ရှင်းလင်းချက် (၃) ။ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မ ဝန်ဆောင်မှုပေးစေခြင်း ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောဆန္ဒ မပါဘဲဖြစ်စေ၊ ထိုက်တန်သည့် လုပ်အားခမပေးဘဲဖြစ်စေ ထိုသူအား ကိုယ်ထိ လက်ရောက် ထိန်းချုပ်ထားခြင်း (Physically restraint)၊ ထိခိုက်ဒဏ်ရာ ရစေခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ထိုသူ၏ နိုင်ငံကူးလက်မှတ်၊ အခြားခရီးသွား အထောက်အထားစာတမ်း အမှတ်အသားများ သို့မဟုတ် အရေးကြီးစာရွက်စာတမ်းများကို သိမ်းဆည်းခြင်းတို့ပြုလုပ်ပြီး အလုပ်လုပ် ခိုင်းခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၄) ။ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း ဆိုသည်မှာ ပုဂ္ဂိုလ် တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို လူသားတစ်ဦးကဲ့သို့ မသတ်မှတ် သည့်အပြင် ၎င်းပိုင်ကျွန်အဖြစ် သဘောထားပြီး ထွက်ပြေး၍ မရနိုင်အောင် ဖြစ်စေ၊ အခြားအလုပ်ပြောင်း၍ မလုပ်နိုင်အောင်ဖြစ်စေ ထိန်းချုပ်ထားပြီး ထိုသူ၏ ဆန္ဒမပါဘဲ ခိုင်းစေအသုံးချခြင်းကိုဆိုသည်။

ရှင်းလင်းချက် (၅) ။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့် အနေဖြင့်ဖြစ်စေ၊ အာမခံပေးသည့်အနေဖြင့်ဖြစ်စေ၊ လူပုဂ္ဂိုလ်ကို အပေါင်ထား ပြီး အလုပ်လုပ်ကိုင်ပေးရမည့် ကာလနှင့် လုပ်ငန်းအမျိုးအစားတို့ကို ရှင်းလင်း တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီကိုခုနှိမ်ရန် လုပ်အားတန်ဖိုးကို အကြောင်း အကျိုးခိုင်လုံစွာသတ်မှတ်ချက်မရှိဘဲ မြီစားအဖြစ် အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၆) ။ အဓမ္မလက်ထပ်စေခြင်း ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးကို ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်၍ဖြစ်စေ၊ လှည့်ဖြား၍ဖြစ်စေ၊ အနိုင်အထက်ပြု၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ မိသားစု၊ ဆွေမျိုး သို့မဟုတ်

Myanmar Law Information System (MLIS)

မိတ်ဆွေအား ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာ ပေး၍ဖြစ်စေ လက်ထပ်ခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၇) ။ အဓမ္မတောင်းရမ်းခိုင်းစေခြင်း ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးကို ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ဖိအားပေးခြိမ်းခြောက်၍ ငွေကြေးရရှိရန် တောင်းရမ်းခိုင်းစေခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၈) ။ လိမ်လည်လှည့်ဖြား၍ ကလေးသူငယ်များအား မွေးစားခြင်း ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကလေးသူငယ်ကို ရောင်းစားရန် သို့မဟုတ် ခိုင်းစေရန်၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အလွဲသုံးစားပြုလုပ်ရန် သို့မဟုတ် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ရယူရန် ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်ကိုဖြစ်စေ၊ ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူကိုဖြစ်စေ ယုံကြည်အောင်ပြောဆို၍ ကလေးသူငယ်အား မွေးစားခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၉) ။ ကိုယ်ဝန်အငှားဆောင်စေခြင်း ဆိုသည်မှာ လူကုန်ကူးမှုကျူးလွန်ရန် အလို့ငှာ အမျိုးသမီးအား ခြိမ်းခြောက်၍ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ အခြားသူအတွက် ကိုယ်ဝန်ရရှိစေခြင်း သို့မဟုတ် အမျိုးသမီးက မိမိ၏ သဘောဆန္ဒအလျောက် အခြားသူအတွက် ကိုယ်ဝန်ရရှိစေခြင်းကို ဆိုသည်။

(ဃ) **လူကုန်ကူးခံရသူ** ဆိုသည်မှာ လူကုန်ကူးခံရသူအဖြစ် ဤဥပဒေအရစိစစ်ဖော်ထုတ်၍ သတ်မှတ်ခြင်း ခံရသူကိုသော်လည်းကောင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်းခံရသူကိုသော်လည်းကောင်း ဆိုသည်။

(င) **ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်** ဆိုရာတွင် ငွေကြေးပေးခြင်း သို့မဟုတ် ငွေကြေးမပါဘဲ မက်လုံးပေး ဆွဲဆောင်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ဆုချီးမြှင့်ခြင်း၊ အကျိုးအမြတ် ဖြစ်ထွန်းစေခြင်း၊ လိင်ဖျော်ဖြေမှုပေးခြင်း၊ အထူးအခွင့်အရေးပေးခြင်း သို့မဟုတ် အခြားဝန်ဆောင်မှု တစ်မျိုးမျိုးပေးခြင်းတို့ ပါဝင်သည်။

(စ) **ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူအုပ်စု** ဆိုသည်မှာ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရရှိရန်အလို့ငှာ ကြီးလေးသောပြစ်မှုကိုကျူးလွန်ရန် အချိန်ကာလတစ်ခုအတွက် လူသုံးဦးနှင့်အထက် ပါဝင်၍ ပုံစံတကျဖွဲ့စည်းထားသောအုပ်စုကို ဆိုသည်။

**ရှင်းလင်းချက်။ ပုံစံတကျဖွဲ့စည်းထားသောအုပ်စု** ဆိုသည်မှာ ရည်ရွယ်ချက်မရှိဘဲ လတ်တလော ကျူးလွန်ရန် ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းထားသည့်အုပ်စုကို ဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏

Myanmar Law Information System (MLIS)

ကဏ္ဍနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စုတိုးချဲ့ ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျရှိရန်မလို။

(ဆ) **ကြီးလေးသောပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

(ဇ) **နိုင်ငံဖြတ်ကျော်မှုခင်း** ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သောပြစ်မှုကို သော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်သောပြစ်မှု၏ အဓိကကျသောအပိုင်းများကို အခြားနိုင်ငံ တစ်ခုခုတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စီမံချက်ချခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများက အခြားနိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သူအုပ်စုတွင် ပါဝင်သက်ဆိုင်သည့် ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်ခုခုကို ထိခိုက်နစ်နာစေသော ပြစ်မှုကိုသော်လည်းကောင်းဆိုသည်။

(ဈ) **ထိန်းချုပ်ဖော်ထုတ်ခြင်း (Controlled Delivery)** ဆိုသည်မှာ လူကုန်ကူးမှု ကျူးလွန်သူကို နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းကိုသော်လည်းကောင်း၊ လူကုန်ကူးမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို တင်သွင်း ခြင်း၊ တင်ပို့ခြင်းကိုသော်လည်းကောင်း စစ်ဆေးတွေ့ရှိသည့်အခါ အဓိကပြစ်မှုကျူးလွန်သူအား ဖော်ထုတ် အရေးယူရန် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် သို့မဟုတ် တားဆီးနှိမ်နင်းရေးအရာရှိက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြစ်မှုကျူးလွန်သူကို ထိန်းချုပ်၍ စုံစမ်းစစ်ဆေးခြင်း၊ ဖော်ထုတ်အရေးယူခြင်းပြုသည့် နည်းစနစ်ကိုဆိုသည်။

(ည) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည် ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ တိရစ္ဆာန်အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် သက်သေခံအဖြစ် လက်ခံနိုင်သော စာချုပ်စာတမ်းနှင့် အဆိုပါ ပစ္စည်း၌ အကျိုးခံစားခွင့်များလည်းပါဝင်သည်။

(ဋ) **ဗဟိုအဖွဲ့ရန်ပုံငွေ** ဆိုသည်မှာ ဗဟိုအဖွဲ့က ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာရန်ပုံငွေ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကိုဆိုသည်။

(ဍ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဎ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည် အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။

Myanmar Law Information System (MLIS)

(ဏ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှုဆိုင်ရာ နောက်ဆက်တွဲ ပရိုတိုကောလ်များ၏ အဖွဲ့ဝင်နိုင်ငံအသီးသီးကိုလည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းနိုင်ငံများ သို့မဟုတ် နှစ်နိုင်ငံ သဘောတူချုပ်ဆိုသည့် စာချုပ်ဝင်နိုင်ငံအသီးသီးကိုလည်းကောင်း ဆိုသည်။

(တ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဗဟိုအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကို ဆိုသည်။

(ဓ) **ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့အဆင့်ဆင့် ကို ဆိုသည်။

(န) **တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (Anti- Trafficking in Persons Division) ကို ဆိုသည်။

(ပ) **တားဆီးနှိမ်နင်းရေးအရာရှိ (Enforcement Officer)** ဆိုသည်မှာ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးအတွက် ဤဥပဒေအခန်း (၈) ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသည့် အရာရှိ အသီးသီးကိုဆိုသည်။

(ဖ) **ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကို အခြေပြု၍ ဤဥပဒေအရ ဖွဲ့စည်းသည့် လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ တားဆီးနှိမ်နင်းရန်၊

(ခ) လူကုန်ကူးခံရသူ အားလုံးကို ကာကွယ်စောင့်ရှောက်ရန်၊ အထူးသဖြင့် လူကုန်ကူးခံရသူ အမျိုးသမီး နှင့် ကလေးသူငယ်များအား အလေးဂရုပြု၍ ကာကွယ်ရန်နှင့် အကူအညီ ပေးရန်၊

(ဂ) လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့် သော ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရန်၊

Myanmar Law Information System (MLIS)

(ဃ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အားလူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊

(င) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းနိုင်ငံများနှင့် ချုပ်ဆိုထားသည့် စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်းဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)

## ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ဗဟိုအဖွဲ့ကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူ ပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့်ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်အခြေခံ အချက်အလက်များ ရရှိနိုင်ရေး အတွက်လည်းကောင်း ကျွမ်းကျင်သူများ ပါဝင်သည့် သုတေသန လုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

Myanmar Law Information System (MLIS)

(ဃ) လူကုန်ကူးမှုများဖြစ်ပွားရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများ အတွင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုလာစေရေးအတွက် အသိပညာပေးအစီအစဉ်များကို စီစဉ် ဆောင်ရွက်ပေးခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြား နိုင်ငံများမှကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(စ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင် ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး အာဏာပိုင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရသည့် အမျိုးသား၊ အမျိုးသမီး၊ လိင်ဝိသေသ ထူးခြားသူများနှင့် ကလေးသူငယ် များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏ အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်း အကူအညီပေးရေး တို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေအရ တရားမစွဲဆိုမီ သက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း ကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

(ဌ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြား အကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရန် တားမြစ်ခြင်း၊ ငွေရေး ကြေးရေး ဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဍ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီးပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်း သည့် ပြစ်မှုကျူးလွန်သော လူကုန်ကူးခံရသူအားစိစစ်ပြီး ၎င်းအားအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဎ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ အတွက် အစီအမံများ ချမှတ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နှင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေး ဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သောလိုအပ်သည့် စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP) ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် နှိမ်နှင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီ ပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်း ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်ပါက ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှု ကျူးလွန်သူတရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေး အတွက်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသော ပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေး အရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်သည့်ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဓ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပ ခြင်း၊

(န) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါ အားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(ပ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)

## လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း

၇။ ဗဟိုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင် ရန် ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ဗဟိုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးက ဦးဆောင်၍ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးရမည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(ခ) နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

Myanmar Law Information System (MLIS)

(ဂ) ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(င) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

၈။ ဗဟိုအဖွဲ့သည် နေပြည်တော်ကောင်စီနှင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် လည်းကောင်း ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၉။ နေပြည်တော်ကောင်စီသည် မိမိဒေသအတွင်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်၍ လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်၍လည်းကောင်း အောက်ပါဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့၊

(ခ) ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၊

(ဂ) မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့။

## အခန်း (၅)

## ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည် -

(က) ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းကို တင်ပြစေရန် မိမိတို့ စီမံခန့်ခွဲသည့် ဒေသအတွင်း မြို့နယ်များရှိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှအပ သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များ အနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦးအထိ

Myanmar Law Information System (MLIS)

ပါဝင်သည့် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသော ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များသည် -

(က) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိသည့်အခါ သက်ဆိုင်သူများကို သတ်မှတ်ချက်များနှင့်အညီ စုံစမ်းမေးမြန်းခြင်း၊ ဆင့်ခေါ်၍ စစ်ဆေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ် သည့် မှတ်တမ်းကို ပြုစုခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုသည့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းကို သက်ဆိုင်ရာ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လူကုန်ကူးခံရသူအား ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊

(ဃ) လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ထပ်မံစုံစမ်းစစ်ဆေး တင်ပြရန် သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့က တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးပြီး အချက်အလက် ပြည့်ပြည့်စုံစုံ ပြန်လည်တင်ပြခြင်း၊

(င) လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်တစ်ဦးဦးက တရားရုံးတွင် ထိုမှတ်တမ်းကို သက်သေခံအဖြစ် တင်သွင်းနိုင်ခြင်း။

၁၂။ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် -

(က) လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းကို အချက်အလက် ပြည့်စုံစွာ တင်ပြနိုင်ရန် ရပ်ရွာ အခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ကို ထပ်မံစုံစမ်းစေခြင်း၊

(ခ) လူကုန်ကူးမှုကို တရားရုံးသို့ တရားစွဲတင်ပို့ရန်ရှိသည့်အခါ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းအား သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအရာရှိ သို့မဟုတ် ရဲတပ်ဖွဲ့စခန်းသို့ဖြစ်စေ ပေးပို့ခြင်း၊

(ဂ) လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းအရဖြစ်စေ၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ လူကုန်ကူးခံရသူ အား လွှဲပြောင်းအပ်နှံလာသည့်အခါဖြစ်စေ လူကုန်ကူးခံရသူသည် တရားဝင် ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ကို ဆုံးရှုံးနစ်နာလျက်ရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သလို အမြန်ဆုံး ဆောင်ရွက်ပေးခြင်း။

**အခန်း (၆)**

**လူကုန်ကူးခံရသူနှင့် သက်သေများအား အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း**

၁၃။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့က ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များ နှင့်အညီ လူကုန်ကူးခံရသူနှင့် သက်သေများအား အကာအကွယ်ပေးခြင်း၊ အကူအညီပေးခြင်းတို့နှင့်

Myanmar Law Information System (MLIS)

စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များနှင့်လည်းကောင်း ညှိနှိုင်းပြီး အောက်ပါအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်-

(က) လူကုန်ကူးမှုများအတွက် တရားစွဲဆိုသော မှုခင်းများနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူနှင့် ၎င်းမိသားစုတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုနှင့် ကိုယ်ရေးမှတ်တမ်း အချက်အလက်များကို လျှို့ဝှက်ထား စေရမည့်အပြင် ယင်းတို့ကို ထုတ်ဖော်မှု ၊ ပေါက်ကြားမှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက် စေခြင်း၊

(ခ) သက်ဆိုင်ရာတရားရုံးက လူကုန်ကူးခံရသူ အမျိုးသမီးနှင့် ကလေးသူငယ်တို့အား ကာယိန္ဒြေ စောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် အများပြည်သူရှေ့ စစ်ဆေးစီရင်ခြင်း မပြုသင့်ဟု ယူဆသည့်အမှုတွင်ဖြစ်စေ၊ ၎င်းတို့၏တောင်းဆိုချက်အရဖြစ်စေ အများမကြားနိုင်သည့် သီးသန့်ရုံးခန်း (in camera) တွင် စစ်ဆေးစီရင်ခြင်း ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးခံရသူနှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာများ၊ အမှုတွဲပါ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မှတစ်ပါး ကြည့်ရှုခွင့်၊ ကူးယူခွင့်၊ တစ်နည်းနည်း ဖြင့် ထုတ်ဖော်ခွင့် မပြုရခြင်း၊

(ဃ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း၊ သတင်းဖြန့်ချိခြင်းပြုရာတွင် တည်ဆဲဥပဒေနှင့် အညီ ဆောင်ရွက်ခြင်း၊

(င) တရားရုံးသို့ သက်သေထွက်ဆိုရန် ရောက်ရှိလာသော လူကုန်ကူးခံရသူနှင့် သက်သေများအား ခြိမ်းခြောက်ခြင်းနှင့် အန္တရာယ်ပြုခြင်းများမှ ကင်းဝေးစေရန်လိုအပ်သည့်ကာကွယ်မှုပေးခြင်း။

၁၄။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေး သူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးများ တောင်းဆိုမှု၊ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်-

(က) လူကုန်ကူးမှုအတွက် ဤဥပဒေအရ ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုထားစေကာမူ လူကုန်ကူး ခံရသူက ၎င်း၏နစ်နာဆုံးရှုံးမှုအတွက် တရားမကြောင်းအရ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် လူကုန်ကူးမှု ကျူးလွန်သူအပေါ် တရားစွဲဆိုမှုတွင် ဥပဒေအရ အကြံဉာဏ်ပေးရန်နှင့် အမှုလိုက်ပါ ဆောင်ရွက်ပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို အကူအညီတောင်းခံခြင်း၊ လိုအပ်ပါက ရှေ့နေငှားရမ်းပေးခြင်း၊ စကားပြန်ဖြင့် စစ်ဆေးစီရင်နိုင်ရန် အကူအညီပေးခြင်းနှင့် လူကုန်ကူးခံရသူသည် နိုင်ငံခြားသားဖြစ်ပါက သံတမန်နည်းလမ်းအရ ဆောင်ရွက်ပေးခြင်း၊

(ခ) ခေါင်းပုံဖြတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသော လူကုန်ကူးခံရသူ များအား နှစ်သိမ့်ဆွေးနွေးအကြံပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် လူကုန်ကူးမှုကျူးလွန်သူအား တရားရုံးတွင် စစ်ဆေးနေသည့် ကာလအတွင်းဖြစ်စေ၊ လူကုန်ကူးခံရသူက လျော်ကြေး သို့မဟုတ် နစ်နာကြေးရရှိလိုမှုကြောင့် စွဲဆိုနေ သည့် ကာလအတွင်းဖြစ်စေ လူကုန်ကူးခံရသူအား ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံမှုနှင့် အခြားလိုအပ် သည့် ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးခြင်း။

၁၅။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများ၊ အမှုစစ်အရာရှိများနှင့် သက်ဆိုင်ရာ တရားရုံးတို့သည် လူကုန်ကူးမှုအတွက် ထွက်ဆိုချက်ပေးသော လူကုန်ကူးခံရသူ အပါအဝင် သက်သေများ၊ ၎င်းတို့၏ ဆွေမျိုးများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ-

(က) လူကုန်ကူးခံရသူအပါအဝင် သက်သေများအား ပြုလုပ်လာဖွယ်ရှိသော ခြိမ်းခြောက်မှု သို့မဟုတ် လက်တုံ့ပြန်ကလဲ့စားချေမှုများ မဖြစ်ပွားစေရေးအတွက် လုံလောက်သော လုံခြုံရေးအစီအမံများ ချမှတ် ဆောင်ရွက်ပေးရမည်။

(ခ) ၎င်းတို့၏ လုံခြုံရေးအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နေထိုင်စေခြင်း သို့မဟုတ် ယာယီ နေရာထိုင်ခင်း စီစဉ်ပေးခြင်းနှင့် ကိုယ်ရေးမှတ်တမ်း၊ သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ထား ရှိ၍ ဆောင်ရွက်ပေးရမည်။

(ဂ) သက်သေအဖြစ် ထွက်ဆိုရာတွင် ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အီလက်ထရောနစ် ဆက်သွယ်ရေးပစ္စည်းကိရိယာအသုံးပြု၍ ဗီဒီယိုဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းဖြင့် စစ်ဆေးခြင်း၊ ထွက်ဆိုချက်ကို မှတ်တမ်းတင်ခြင်းတို့ ပြုနိုင်သည်။

(ဃ) ဗီဒီယို ဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းဖြင့် စစ်ဆေးသော ထွက်ဆိုချက် မှတ်တမ်းကို တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်း ပြုနိုင်သည်။

၁၆။ လူကုန်ကူးခံရသူအား အောက်ပါပြုလုပ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုဖြင့် အရေးယူခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပြစ်ပေးခြင်း မပြုရ-

(က) လူကုန်ကူးခံရသူက သဘောတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ ပါဝင်ပတ်သက်ခြင်း၊

(ခ) ပြည်ပနိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တစ်ဆင့်ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်း၊ တရားမဝင်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊

(ဂ) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်း အမှတ်အသား တစ်ခုခုကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း။

၁၇။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ်အရာရှိများသည် လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုနှင့် ငြိစွန်းကြောင်းတွေ့ရှိ၍ လူကုန်ကူးခံရသူအား အရေးယူရန် ကိစ္စပေါ်ပေါက်လာပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ရယူရမည်။

**အခန်း (၇)**

**လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း**

Myanmar Law Information System (MLIS)

၁၈။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင်ရှိသော နိုင်ငံတော်၏သံရုံးသည် ထိုနိုင်ငံသို့ ရောက်ရှိနေပြီး လူကုန်ကူး ခံရသူ၏ လုံခြုံရေးအတွက် အလေးထားလျက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံတော်သို့ ပြန်လည် ပို့ဆောင်ပေးရန် အစွမ်းကုန်ကြိုးစား၍ ခိုင်လုံသော ခရီးသွားအထောက်အထား၊ စာတမ်းအမှတ် အသားများ မရှိသူကို ခိုင်လုံသော အထောက်အထားများ ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၁၉။ နိုင်ငံတော်၏ သံရုံးမရှိသော ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသူ၏ လုံခြုံရေးအတွက် အလေးထား လျက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ပေးရန် ထိုနိုင်ငံနှင့် အနီးဆုံးနိုင်ငံ တွင်ရှိသော နိုင်ငံတော်၏သံရုံးက ခိုင်လုံသော ခရီးသွားအထောက်အထား၊ စာတမ်းအမှတ်အသားများ မရှိသူကို ခိုင်လုံသောအထောက်အထားများ ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၂၀။ နိုင်ငံတော်၏ သံရုံးသည် ပုဒ်မ ၁၈ နှင့် ၁၉ တို့အရ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးရာတွင် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး လိုအပ်သည့်စိစစ်မှုများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိတို့သည် နိုင်ငံတော်အတွင်းသို့ အခြားနိုင်ငံမှ ပြန်လည်ပို့ဆောင်သော လူကုန်ကူးခံရသူများနှင့် မိမိအစီအစဉ်ဖြင့် ပြန်လာသည့် လူကုန်ကူးခံရသူများ၏ သဘောဆန္ဒကို အလေးထားပြီး ၎င်းတို့အား ယာယီနေထိုင်ရန် လုံခြုံစိတ်ချရသည့်နေရာ သို့မဟုတ် သင့်လျော်သည့်ဂေဟာ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၂။ ပုဒ်မ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁ တို့နှင့်အညီ စီစဉ်ဆောင်ရွက်ပေးမှုအရ နိုင်ငံတော်အတွင်းသို့ ပြန်လည် ရောက်ရှိလာသော လူကုန်ကူးခံရသူများကို ဤဥပဒေ အခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကာ အကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းတို့ပြုရမည်။

၂၃။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းသို့ ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူး ခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ပိုင်းဆိုင်ရာများအား ပြန်လည်ကုစားပေးနိုင်ရေးအတွက် အောက်ပါတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း နှင့် အထူးအကာအကွယ်ပေးခြင်းတို့ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ရန်ပုံငွေမှ ပံ့ပိုးကူညီရမည်-

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးခြင်းမှာ အကောင်းဆုံး အခြေအနေဖြစ် ကြောင်း စိစစ်တွေ့ရှိပါက ယင်းကဲ့သို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊

(ခ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးရန် အခြေအနေမပေးသည့်အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ပေးရန် မသင့်လျော်သော အခြေအနေရှိသည့်အခါတွင်ဖြစ်စေ အခြားသင့်လျော်သော လုံခြုံစိတ်ချရသည့်နေရာ သို့မဟုတ် သင့်လျော်သည့် ဂေဟာ သို့မဟုတ် ပရဟိတဂေဟာ တစ်ခုခုတွင် စီစဉ်ပေးခြင်း၊

(ဂ) အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ် မူတည်၍ ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင် ရန်နှင့် လွတ်လပ်စွာ ရွေးချယ်နိုင်ရန် အလေးထားစီစဉ်ဆောင်ရွက်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဃ) ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ၎င်းတို့၏ သဘောတူညီချက်အရ အထူးအစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊

(င) ဘဝရပ်တည်မှုကို အထောက်အကူဖြစ်စေမည့် ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေး၊ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးတို့အတွက် အခွင့်အလမ်းများစီစဉ်ဆောင်ရွက် ပေးခြင်း၊

(စ) လူကုန်ကူးခံရသူများ၏ အသက်၊ ကျား၊ မ ဖြစ်တည်မှုနှင့် အထူးလိုအပ်ချက်များကို ထည့်သွင်း စဉ်းစား၍ ဆောင်ရွက်ပေးခြင်း၊

(ဆ) နိုင်ငံတော်သို့ ရောက်ရှိလာသည့် မည်သည့်လူကုန်ကူးခံရသူကိုမဆို လိုအပ်သည့် အကာအကွယ်နှင့် အကူအညီပေးခြင်း။

## အခန်း (၈)

## တားဆီးနှိမ်နင်းခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၂၄။ (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်း ရေးအရာရှိများအဖြစ် ဆောင်ရွက်ရန်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရှိစေရမည်။

(ခ) ခရီးသည်များ နိုင်ငံတော်မှ ထွက်ခွာခြင်းနှင့် နိုင်ငံတော်အတွင်း ဝင်ရောက်ခြင်းပြုသည့်စစ်ဆေးရေး ဂိတ်၊ စခန်း၊ ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လူဝင်မှုကြီးကြပ်ရေးအရာရှိ များနှင့် အကောက်ခွန်အရာရှိများသည် ၎င်းတို့တာဝန်ထမ်းဆောင်ချိန်တွင် တားဆီးနှိမ်နင်းရေးအရာရှိ များအဖြစ် ဆောင်ရွက်ရန်တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိစေရမည်။

၂၅။ အများပြည်သူဝင်ထွက်သွားလာနိုင်ခြင်းမပြုနိုင်သော နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသည့်အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံ သို့မဟုတ် ယာဉ်တစ်ခုခုတွင် လူကုန်ကူးမှုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း လုံလောက်သည့်သတင်းရရှိ လျှင် ဖော်ပြပါနေရာများသို့ ဝင်ရောက်ရှာဖွေခြင်း၊ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းသိမ်းဆည်းခြင်းနှင့် လူကုန်ကူးခံရသူများအား ကယ်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းကို တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ရဲအရာရှိတစ်ဦးဦးဖြစ်ပါက မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မိမိလက်အောက်ရှိ ဒုတိယ ရဲအုပ် အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ရှာဖွေမိန့်ထုတ်ပေး၍ ဆောင်ရွက်စေခြင်း၊

(ခ) တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး သို့မဟုတ် ယင်းတို့၏ တာဝန်ကို ထမ်းဆောင်နေသည့် ရဲအရာရှိတစ်ဦးဦးဖြစ်ပါက မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း

Myanmar Law Information System (MLIS)

သို့မဟုတ် မိမိ လက်အောက်ရှိ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ရှာဖွေမိန့်ထုတ်ပေး၍ ဆောင်ရွက်စေခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ရာတွင် မိမိတို့၏ ဝန်ထမ်းသက်သေခံကတ်ပြားကိုလည်းကောင်း၊ ရှာဖွေမိန့်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိများက ရှာဖွေမိန့်ကို လည်းကောင်း ရှာဖွေစစ်ဆေးခြင်းခံရသူအား ပြသ၍ ဆောင်ရွက်ခြင်း။

၂၆။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်နှင့် ဒုတိယရဲအုပ် အဆင့်ထက်မနိမ့်သော ရဲအရာရှိများသည် အများပြည်သူဝင်ထွက်သွားလာနိုင်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်တစ်ခုခု သို့မဟုတ် ပရဝဏ်တွင် လူကုန်ကူးမှုကျူးလွန်ကြောင်း သတင်းရရှိလျှင်ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လူကုန်ကူးမှု ကျူးလွန်နိုင်သူနှင့် လူကုန်ကူးမှုကျူးလွန်ခံရနိုင်သူများအား စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် ရှာဖွေခြင်း၊

(ခ) လူကုန်ကူးမှုကျူးလွန်သူများနှင့် လူကုန်ကူးမှုကျူးလွန်သည်ဟု သင်္ကာမကင်းသူများ သို့မဟုတ် မသင်္ကာသူများအား ဖမ်းဆီးခြင်း၊ လူကုန်ကူးခံရသူများအား ကယ်တင်ခြင်း၊

(ဂ) လူကုန်ကူးမှုနှင့် သက်ဆိုင်သည့်ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များ၊ စာရွက်စာတမ်းအထောက်အထားများနှင့် ဆက်စပ်ကိရိယာများကို ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၂၇။ တားဆီးနှိမ်နင်းရေးအရာရှိသည်-

(က) အမှုနှင့်သက်ဆိုင်သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဗဟိုအဖွဲ့၏ စာဖြင့် ညွှန်ကြားချက်အရ ချိပ်ပိတ်ပြီး သိမ်းဆည်းခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်းပြုနိုင်သည်။

(ခ) လူကုန်ကူးမှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း ကြောင့် ရရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး အရေးယူနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟို အဖွဲ့သို့ လွှဲပြောင်းပေးနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာ အကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသို့ တင်ပြခြင်းပြုနိုင်သည်။

၂၈။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းရရှိလျှင်ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရလျှင်ဖြစ်စေ အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေး ကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

Myanmar Law Information System (MLIS)

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူ အုပ်စုများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်း နည်းစနစ်ဖြင့် အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာကို အသုံးပြု၍ စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဖော်ထုတ်အရေးယူခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် အခြားအဖွဲ့ဝင်နိုင်ငံမှ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့်ပူးတွဲ၍ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်အရေးယူခြင်း။

၂၉။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်-

(က) လူကုန်ကူးမှုကျူးလွန်သူများ၏ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အော်ပရေတာများ အား အကြောင်းကြားခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ မိတ္တူပေးပို့အသိပေးခြင်း။

၃၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ဤဥပဒေအရ လူကုန်ကူးမှုကျူးလွန်သည့် ပြစ်မှုနှင့် သက်ဆိုင်သော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သော ခွင့်ပြုမိန့်ရရှိလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြုခြင်း၊

(ခ) အရေးယူဆောင်ရွက်သည့်အမှုကိစ္စ မပြီးပြတ်မီ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ၊ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များအား မည်သူ့ကိုမျှ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားခြင်း။

၃၁။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကို နောက်ကွယ်မှ အဓိက ကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း ကော်မတီ၏ စိစစ်ခွင့်ပြုချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်း နည်းစနစ်ဖြင့် နောက်ယောင်ခံ၍ စုံစမ်း ဖော်ထုတ်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးသူကို အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း တို့ကို ဗဟိုအဖွဲ့၏အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၉)**

**အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးခြင်း**

Myanmar Law Information System (MLIS)

၃၂။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်-

(က) လူကုန်ကူးမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံ ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၌ တည်ရှိပြီး ယင်းတို့ကို ရှာဖွေ သိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့ပြုလုပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ တောင်းဆို၍ ဆက်လက်ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းမှာ နိုင်ငံတော်အတွင်း၌ တည်ရှိပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွင် အဆိုပါ ပြစ်မှုအတွက် စစ်ဆေးစီရင်သည့်အခါ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ရှိသဖြင့် ထိုသက်သေခံပစ္စည်းကို လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ တောင်းဆိုလာပါက စိစစ် လွှဲပြောင်းပေးခြင်း။

၃၃။ ဗဟိုအဖွဲ့သည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် လူကုန်ကူးမှုများတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အဖွဲ့ဝင်နိုင်ငံ၏ အာဏာပိုင်သို့ အကူအညီတောင်းခံလိုလျှင်ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက နိုင်ငံတော်သို့ အကူအညီ တောင်းခံလာလျှင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ လိုအပ်လျှင်ဖြစ်စေ ယင်းဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင် အဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းကို ဆောင်ရွက်ရမည်။

၃၄။ ဗဟိုအဖွဲ့သည် မြန်မာနိုင်ငံသား၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်ထားသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသည့် နိုင်ငံခြားသားက အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ကျူးလွန်သည့် ဤဥပဒေပါပြစ်မှုနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ သက်သေခံ ချက် သို့မဟုတ် ထွက်ဆိုချက်ကိုရယူပေးခြင်း၊ တရားစီရင်ရေးဆိုင်ရာ စာတမ်းအမှတ်အသားများ အကျိုး သက်ရောက်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ၊ သက်သေခံပစ္စည်း၏ တည်နေရာနှင့် အခြားလိုအပ်သော အချက်များဖော်ထုတ်ပေးခြင်း၊ သက်သေခံပစ္စည်းကို ရှာဖွေပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ ထိန်းချုပ်ပေးခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ပေးခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပေးခြင်းတို့ကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့် အညီ ယင်းဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၁၀)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

Myanmar Law Information System (MLIS)

၃၅။ မည်သူမဆို အမျိုးသမီးနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို အမျိုးသမီးနှင့် ကလေးသူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၇။ လူကုန်ကူးခံရသူမှအပ မည်သူမဆို လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ ပြည်ပသို့ ထွက်ခွာနိုင်ရန် ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံ စာတမ်း အမှတ်အသားကို ပြုလုပ်ခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း၊

(ခ) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်း အမှတ်အသားကို တရားမဝင် ရယူခြင်း၊ ပေးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြု ခြင်း။

၃၈။ မည်သူမဆို-

(က) ပုဒ်မ ၃၅ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူ အုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းအုပ်စုဝင် တစ်ဦးချင်းကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၆ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့မှုခင်း ကျူးလွန်သူ အုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းအုပ်စုဝင် တစ်ဦးချင်းကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး နှစ် ၂၀ အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင်-

(က) ကြီးလေးသော ပြစ်မှုတစ်ခုခုကိုပါ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

(ခ) လူကုန်ကူးခံရသူအား သေဆုံးစေခြင်း သို့မဟုတ် သူတစ်ပါး၏ အကူအညီကို အမြဲတမ်းရယူရသည့် မသန်စွမ်းခြင်းဖြစ်စေသည်အထိ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို သေဒဏ် ချမှတ်ရမည်။

Myanmar Law Information System (MLIS)

၄၀။ လူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း လူကုန်ကူးမှုပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသူဖြစ်ပါက ထိုသူ ထပ်မံကျူးလွန်သော လူကုန်ကူးမှုအတွက် ပြဋ္ဌာန်းထားသော အမြင့်ဆုံး ပြစ်ဒဏ်ကို ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လူကုန်ကူးမှုအတွက် တရားစွဲဆိုသော မှုခင်းများနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူနှင့် ၎င်းမိသားစုတို့ ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုနှင့် ကိုယ်ရေးမှတ်တမ်း အချက်အလက်များကို အမှုနှင့်မသက်ဆိုင်သူအား တစ်နည်းနည်းဖြင့် ထုတ်ဖော်ခြင်း၊ ပြသခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ခ) လူကုန်ကူးခံရသူနှင့်စပ်လျဉ်းသည့် အကြောင်းခြင်းရာများ၊ အမှုတွဲပါ စာရွက်စာတမ်းများနှင့် စာတမ်း အမှတ်အသားများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မှတစ်ပါး ကြည့်ရှုခြင်း၊ ကူးယူခြင်း၊ တစ်နည်းနည်းဖြင့် ထုတ်ဖော်ခြင်း၊ ပြသခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ဂ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း၊ သတင်းဖြန့်ချိခြင်းပြုရာတွင် တည်ဆဲဥပဒေနှင့် အညီဆောင်ရွက်မှုမပြုခြင်း။

၄၂။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ချက်တစ်စုံတစ်ရာကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့ အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ် သိန်း ၃၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၃။ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ရရှိသော မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာမဆို ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ် သိန်း ၃၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်း ကြံစည်ခြင်း၊ စည်းရုံးခြင်း၊ ညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်း၊ အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သည့် လုပ်ငန်းစဉ် တစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည်-

Myanmar Law Information System (MLIS)

(က) ဤဥပဒေပါ ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို သတ်မှတ်ချက်နှင့်အညီ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ဖြစ်စေ၊ စီမံခန့်ခွဲသည့် အမိန့်ဖြစ်စေ၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့်နှင့် စီမံခန့်ခွဲသည့် အမိန့်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) လူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအပေါ် လူကုန်ကူးခံရသူ၏ နစ်နာဆုံးရှုံးမှုအတွက် လူကုန်ကူးခံရသူကို သင့်လျော်သည့် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ သက်ဆိုင်ရာ တရားရုံးက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ လူကုန်ကူးခံရသူကို သင့်လျော်သည့် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးသည့် အမိန့်ချမှတ်သည်ဖြစ်စေ၊ မချမှတ်သည်ဖြစ်စေ လူကုန်ကူးခံရသူသည် လူကုန်ကူးမှုကျူးလွန်သူအပေါ် လျော်ကြေး သို့မဟုတ် နစ်နာကြေးရရှိရန် တရားမကြောင်းအရ တရားစွဲဆို၍ တောင်းဆိုနိုင်သည်။

## အခန်း (၁၁)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း

၄၇။ ဗဟိုအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များနှင့် အထောက်အပံ့ အကူအညီများပေးရေးတို့အတွက် အသုံးပြုရန် ဗဟိုအဖွဲ့ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) ဗဟိုအဖွဲ့ ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၄၈။ ဗဟိုအဖွဲ့သည် ဗဟိုအဖွဲ့ရန်ပုံငွေထိန်းသိမ်းရေး၊ သုံးစွဲရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သော ဗဟိုအဖွဲ့ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ် ပေးရမည်။

၄၉။ ပုဒ်မ ၄၈ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ဗဟိုအဖွဲ့ရန်ပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ၍ ဗဟိုအဖွဲ့က အတည်ပြုထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

၅၀။ ဗဟိုအဖွဲ့သည်-

(က) ဗဟိုအဖွဲ့ ရန်ပုံငွေစာရင်းများကို ဗဟိုအဖွဲ့၏ စာရင်းစစ်က ပုံမှန်စစ်ဆေးစေရမည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရအသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံရမည်။

Myanmar Law Information System (MLIS)

၅၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ငွေကြေးများကို ပံ့ပိုးကူညီနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက် ရယူ၍ ဒေသဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) ဒေသဆိုင်ရာ ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၅၂။ ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့် အညီ မိမိတို့ဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သော ငွေကြေးများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် နေပြည်တော် ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြတောင်းခံပြီး ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေကိုထူထောင်နိုင်သည်။ ထို့ပြင် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကိုလည်း လက်ခံရယူ၍ ရငွေအဖြစ်ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေတွင် ထည့်သွင်းနိုင်သည်။

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည် ပုဒ်မ ၅၁ အရ ထူထောင်ထားရှိသည့် ဒေသဆိုင်ရာရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် လိုအပ်သည့် ငွေပမာဏကို အကြောင်းအကျိုးဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသို့ တင်ပြတောင်းခံ နိုင်သည်။

၅၄။ ဗဟိုအဖွဲ့သည် လိုအပ်ပါက ဗဟိုအဖွဲ့ရန်ပုံငွေမှ ဒေသဆိုင်ရာရန်ပုံငွေ တစ်ခုခုသို့ ဖြည့်ဆည်း ထောက်ပံ့နိုင်သည်။

၅၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အဖွဲ့တို့သည် ဒေသဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေး၊ သုံးစွဲရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၆။ ပုဒ်မ ၅၅ အရ ဖွဲ့စည်းသည့် ဒေသဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ဒေသဆိုင်ရာ ရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံးနှင့်

Myanmar Law Information System (MLIS)

ညှိနှိုင်းရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေလူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့က အတည်ပြုထားသော ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း တို့ပြုရမည်။

၅၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့သည်-

(က) ဒေသဆိုင်ရာ ရန်ပုံငွေစာရင်းများကို မိမိတို့၏ စာရင်းစစ်က ပုံမှန်စစ်ဆေးစေရမည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုလည်း ခံယူရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရအသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် နေပြည်တော်ကောင်စီသို့ အစီရင်ခံရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၅၈။ (က) ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီများနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ လူကုန်ကူးမှုနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၀။ နိုင်ငံတော်နှင့် အခြားအဖွဲ့ဝင်နိုင်ငံတို့သည် လူကုန်ကူးမှုကျူးလွန်သူ တရားခံအား အပြန်အလှန် လွှဲပြောင်းပေးရေးနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၆၁။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမှုနှင့် စစ်ဆေးစီရင်မှုများတွင် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအရာရှိကဖြစ်စေ၊ အမှုစစ်အရာရှိကဖြစ်စေ၊ ဥပဒေအရာရှိကဖြစ်စေ၊ တရားရုံးအရာရှိတစ်ဦးဦးကဖြစ်စေ ဤဥပဒေပါ အခွင့်အာဏာရှိသူ တစ်ဦးဦးထံ ထုတ်ဖော်ခြင်း သို့မဟုတ် အခွင့်အာဏာရှိသူတစ်ဦးဦးက တာဝန်အရထုတ်ဖော်ခြင်း ကိစ္စရပ်များဖြစ်ပါက ပုဒ်မ ၄၁ ပါ ပြစ်မှုဟု မှတ်ယူခြင်းမရှိစေရ။

၆၂။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ် ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၆၃။ ဤဥပဒေအရ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့အစည်း တစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင် နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

Myanmar Law Information System (MLIS)

၆၄။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်း တစ်ခုခု၏ အဖွဲ့ဝင် တစ်ဦးဦးအပေါ် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ အခြားမှုခင်း တစ်စုံတစ်ရာအရဖြစ်စေ တရားစွဲဆိုခွင့် သို့မဟုတ် အရေးယူခွင့် မရှိစေရ။

၆၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၆။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေ (အမှတ် ၅/၂၀၀၅)) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

Myanmar Law Information System (MLIS)